# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၇၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်ရေးကိုယ်တာ။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ဖခင်ကျန်းမာရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ဇနီးကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ မျက်စိရောဂါ။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ဖွံ့ဖြိုးရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကျန်းမာရေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ခြေထောက်နာ။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မြိတ်မြို့နယ်၊ ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် မြေသားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှန် က မြိတ်မြို့နယ်၊ ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် မြေသားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာကြစေကြောင်း ဂါရဝပြု ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မြိတ်မြို့နယ်၊ ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် မြေသား လမ်းအား ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကြေးနန်းတိုင်- ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် မြေသားလမ်းဟာ အရှည်မိုင်(၇)မိုင်နဲ့ (၃)ဖာလုံ ရှိပါတယ်။ နွေရာသီမှာ ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ ကားများ သွားလာနိုင်သော် လည်းပဲ ကျွန်တော်တို့ မိုးရာသီမှာဆိုလို့ရှိရင် မြေသားလမ်းပေါ်မှာ ရေတင် ပျက်စီးသွားပြီးတော့ သွားရေးလာရေး အခက်အခဲဖြစ်နေရပါတယ်။ ဒီကျေးရွာချင်းဆက် လမ်းပေါ်မှာရှိတဲ့ ပေါင်းကူးတဲ့ တံတားတွေ အားလုံးဟာ သစ်သားနဲ့ ပြုလုပ်ထားတဲ့အတွက် သူဟာ မကြာခဏ ကျိုးကျခြင်းနဲ့ ကြံ့ခိုင်ရည် အားနည်းလျှက်ရှိပါတယ်။ လမ်းပေါ်မှာရှိတဲ့ အဓိကတံတားဖြစ်တဲ့ ဒေသအခေါ် ဦးဘအင်တံတားဟာ ဆိုလို့ရှိရင် ပေ(၂၅၀)ခန့် ရှည်လျားပြီးတော့ သစ်သားတံတား ဖြစ်ပါတယ်။ ကြံ့ခိုင်မှုလည်း အလွန်အားနည်း လျက်ရှိပါတယ်။ ဒါကိုပြုပြင်ပေးရန် သို့မဟုတ် ကျွန်တော်တို့ RC တံတား ဆောက်လုပ်ပေးရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် မြေသား လမ်းဟာ ကျေးရွာအုပ်စု(၃)အုပ်စုဖြစ်တဲ့ မဇောကျေးရွာအုပ်စု၊ တောင်းရှည်ကျေးရွာအုပ်စု၊ နန်းတော်ရာကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာအားလုံးနဲ့ ကျေးရွာနေပြည်သူများအားလုံးရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများအတွက် အသက်သွေးကြောသဖွယ် အသုံးပြုနေတဲ့ အဓိက ကျတဲ့လမ်း ဖြစ်ပြီးတော့ ကျေးရွာများရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို ဖြစ်ပေါ်ပြောင်းလဲစေနိုင်တဲ့ လမ်း တစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာ ကျေးလက်မြေသားလမ်းနဲ့ ဆက်သွယ်နေတဲ့ လမ်းဟာရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းဖြစ်မယ်ဆိုရင် ကျေးလက်နေ

ပြည်သူများရဲ့ ဒေသဖွံ့ဖြိုးမှုများ တိုးတက်လာမှာ ဖြစ်ပြီးတော့ ဆင်းရဲမှုလျှော့ချရေးကိုလည်း အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြိတ်မြို့နယ်၊ ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် မြေသားလမ်းအား ရာသီ မရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ ကို ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိချောင်းကူးတံတားကို ပြည်ထောင်စုအစိုးရ အနေဖြင့် ငွေလုံးငွေရင်းချ၍ ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိချောင်းကူးတံတားကို ပြည်ထောင်စုအစိုးရ အနေဖြင့် ငွေလုံးငွေရင်းချ၍ ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရည်ညွှန်းချက်အရ ၁၂-၃-၂၀၁၂ ရက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၃)မြောက် နေ့တွင် မေးမြန်း ချက်အားမေး ခွင့်ပြုပါရန်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ရည်ညွှန်းချက်အရ မေးခွန်းမေးမြန်းချက်ကို နယ်စပ်ဝန်ကြီး ပြန်လည်ဖြေကြားရာတွင် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးမှ တာဝန်ယူပြုပြင် ပေးမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်း ကျွန်တော်နဲ့ မြို့နယ်စည်ပင်သာယာရေး အမှုဆောင် အရာရှိနှင့် တွေ့ဆုံဆွေးနွေးရာတွင် မြို့နယ်စည်ပင်သာယာရေးအနေနဲ့ ယင်းကဲ့သို့ ကုန်ကျစရိတ် များသော တံတားကို ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် နိုင်ငံတော်မှခွင့်ပြုရန်ပုံငွေ အလုံအလောက် ချပေးမည် မဟုတ်သောကြောင့် မြို့နယ်စည်ပင်သာယာရေးအနေနှင့် တာဝန်ယူ ဆောက်လုပ်နိုင်မည် မဟုတ်ကြောင်း ပြောဆိုဆွေးနွေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာတံတားသည် အချိန်ကြာသည်နှင့် အမျှ ခိုင်ခန့်မှုအားနည်းလာသောကြောင့် လုပ်သားပြည်သူများ အသက်အန္တရာယ်နဲ့ ကြုံတွေ့နိုင် ပါတယ်။ ထို့ကြောင့် ကရုပ္ပိချောင်းကူးတံတားကို ပြည်ထောင်စုအစိုးရအနေနဲ့ ငွေလုံးငွေရင်းချ၍ ပြန်လည်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြန်လည်

တည်ဆောက်ပေးမည်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အနောက်တောင်ခြမ်းရှိ ကွယ်ကန်-မိတ္ထီလာ ကျေးရွာချင်းဆက် မြို့တက်လမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ချောလမ်းအဖြစ် ပြုပြင်မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်က မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အနောက်တောင်ခြမ်းရှိ ကွယ်ကန်-မိတ္ထီလာ ကျေးရွာချင်းဆက် မြို့တက်လမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ချောလမ်းအဖြစ် ပြုပြင်မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အနောက်တောင်ခြမ်းရှိ ကွယ်ကန်-မိတ္ထီလာ ကျေးရွာချင်းဆက် မြို့တက်လမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ချောလမ်းအဖြစ် ပြုပြင်မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ကွယ်ကန် ကျေးရွာ၏အနေအထားကို တင်ပြလိုပါတယ်ခင်ဗျာ။ ကွယ်ကန်ကျေးရွာသည် မိတ္ထီလာ-ပျော်ဘွယ် မြို့နယ်အစပ်၌ တည်ရှိသောရွာဖြစ်ပါတယ်။ ကွယ်ကန်ကျေးရွာသို့ သွားရောက်ရာတွင် မိတ္ထီလာမှ ရေဝေကျေးရွာအထိ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်း အတိုင်း (၁၆)မိုင်ခန့်သွားရောက်ရပါတယ်။ ရေဝေကျေးရွာမှ အဆိုပါ ကွယ်ကန်ကျေးရွာသို့ ပျော်ဘွယ်-ရေဝေဗျူဟာလမ်း အတိုင်း(၇)မိုင်ခန့် ဝေးကွာကြောင်းသိရပါတယ်။ အဆိုပါ ရေဝေကျေးရွာမှ ကွယ်ကန်ကျေးရွာအုပ်စုသို့ သွားရောက်ကြတဲ့အခါ လှည်းလမ်း၊ မြေသားလမ်း၊ ရိုးကျင်းနဲ့ ချောင်းကောက်၊ ချောင်းကွေ့တို့ကို ခက်ခဲစွာ ဖြတ်ကျော်သွားလာ နေကြရပါတယ်။ မိတ္ထီလာမှ ကျေးရွာအထိ (၂၅)မိုင်ခန့်ဝေးကွာရာ (၇)မိုင်ခန့်မှာ ခက်ခဲစွာ ဖြတ်ကျော်သွားလာ နေကြရတဲ့အတွက် ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍအသီးသီးတွင် ကြီးစွာသော အခက်အခဲတွေ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။

ယခုအခါ မိတ္ထီလာ- မန္တလေးအဝေးပြေး အမြန်လမ်းမကြီး ဖောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ကြွယ်ကန်ကျေးရွာမှ အမြန်လမ်းမကြီး အကွာအဝေးမှာ (၅)မိုင်(၄)ဖာလုံခန့်သာ ကွာဝေးပါတယ်။ ကျေးလက်နေပြည်သူများ ကျေးရွာမှ အဝေးပြေး အမြန်လမ်းမကြီးသို့ ခရီးသွား လာရေး အဆင်ပြေ စေရန် ကိုယ့်အားကိုယ်ကိုးဖြင့် မြေသားလမ်း ဖောက်လုပ်ခဲ့ပါတယ်။ သို့ပါ သော်လည်း ရေရှည် တည်တံ့အောင် ဆောင်ရွက်နိုင်စွမ်းမရှိကြပါ။ ပွင့်လင်းရာသီတွင် လမ်းဖောက်၊ လမ်းပြုပြင် ကြရသော်လည်း မိုးတွင်းကာလတွင် တစ်ဖန် ပျက်စီးသွားရတဲ့ အဆိုးသံသရာနဲ့ပဲနှစ်စဉ် ကြုံတွေ့နေ ကြရပါတယ်။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အနေနဲ့လည်း ရရှိတဲ့ ဘဏ္ဍာငွေ အခြေအနေအရ ထိရောက်စွာပြုပြင်ပေးနိုင်မည့် အခြေအနေ မရှိကြောင်း တွေ့ရှိရပါတယ်။ (၅)မိုင်ကျော်ရှိတဲ့ မိုင် အားဖြင့် အနည်းငယ်ရှည်လျားပါသဖြင့် နိုင်ငံတော်မှ ရေရှည်သွားလာရေး အဆင်ပြေ ခိုင်ခန့်သော၊ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း တစ်လမ်းဖြစ်လာရေးကို ကျေးလက်နေ ပြည်သူများမှ လိုလားတောင့်တလျက်ရှိပါတယ်။ လမ်းဖြစ်ပေါ်လာပါက ပတ်ဝန်း ကျင်ကျေးရွာ (၂၅)ရွာ တို့မှ ကျေးလက်နေပြည်သူဦးရေ (၃၀၂၅၅)ဦးတို့ အဓိက အားထား နေရသော လမ်းကြီးတစ်ခု ဖြစ်လာပြီး ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ရည်မှန်းချက်ဖြစ်သော ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး အတွက်လည်း အထောက်အကူ ဖြစ်မှာဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်နဲ့အတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့ ကွင်းဆင်းစဥ်ကလည်း ကျေးလက်နေပြည်သူများ တင်ပြချက် မှန်ကန် ကြောင်းကို ကိုယ်တွေ့သိရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏အသံ နားထောင်ပြီး ပြည်သူတို့၏ ဆန္ဒရှိတဲ့၊ ပြည်သူတို့ လိုလားလျက်ရှိသော မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကြွယ်ကန်- မိတ္ထီလာ ကျေးရွာချင်းဆက် မြို့တက်လမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျောက်ချောလမ်းအဖြစ် ပြုပြင်မွမ်းမံပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် စီစဥ်ဆောင်ရွက် ပေးသွားမည်ကို သိရှိလိုပါကြောင်း အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၉။**

**ဗိုလ်ချုပ်မောင်မောင်အုန်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း ဖြစ်ပါတယ်။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှန် ရဲ့ မြိတ်မြို့နယ်၊ ကြေးနန်းတိုင်-ကသာရိုင်-

နန်းတော်ရာ ကျေးရွာချင်းဆက်လမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချော လမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် အတွင်းမှာရှိတဲ့ ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် လမ်းဟာ အရှည်(၇)မိုင်(၃)ဖာလုံ ရှိတဲ့ မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းဟာ ကျေးရွာ (၇)ရွာကို ဆက်သွယ်ထားတဲ့ အဓိကကျတဲ့ ကျေးရွာချင်းဆက် လမ်းဖြစ်ပြီးတော့ အိမ်ခြေ (၈၇၆)အိမ်နဲ့ လူဦးရေ(၄၈၄၄)ဦးတို့မှ အသုံးပြုလျက် ရှိတာကိုတွေ့ရှိရပါတယ်။ ဒီကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းခင်းခြင်း (၇) မိုင်(၃)ဖာလုံအတွက် ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၃၉၇.၈၈)သန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ လမ်းပေါ်မှာ သစ်သားတံတား(၉)စင်း ရှိတဲ့အနက် အရှည်(၂၈၀)ပေရှိတဲ့ တောင်းရှည်- ဦးဘရင် တံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ဆောင်ရွက်မယ်ဆိုရင် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၅၀၀)ဖြစ်တဲ့အတွက် စုစုပေါင်း လမ်းရော၊ တံတားရော ဆောင်ရွက်မယ်ဆိုရင်တော့ ကျပ်(၈၉၇.၈၈)သန်း ကုန်ကျသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်သုံးသပ် စိစစ်တဲ့အခါမှာ တောင်းရှည်-ဦးဘရင် တံတားဟာ လက်ရှိအသုံးပြုတာ ဖြစ်ပါတယ်။ တံတားတည်ဆောက်ရန်လည်း ကုန်ကျစရိတ်များပြားပါတယ်။ သို့သော်လည်း ဒီတံတားအနေနဲ့ ယာဉ်အသွားအလာ နည်းပါးခြင်း၊ ပြီးတော့ ကျွန်တော်တို့ ခုနကလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ပြီးချိန်မှသာ ဆောင်ရွက်သင့်တယ်လို့ ဒါ ကျွန်တော်တို့ သုံးသပ်တွေ့ရှိရတဲ့အတွက် ဦးဘရင်တံတား တည်ဆောက်ခြင်းကိုတော့ ကျွန်တော်တို့ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ဒီ ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာလမ်း ကျောက်ချော (၂)မိုင်(၄)ဖာလုံ ခင်းခြင်းအတွက် ကျွန်တော်တို့ ဒီ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်(၁၃၄.၈၇၅)သန်း ခွင့်ပြုထားပြီးဖြစ်တဲ့အတွက် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ဆောင်ရွက်မယ့် လုပ်ငန်းတွေ ကိုတော့ ယနေ့ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ လုပ်ငန်းအပ်နှံစနစ်နဲ့ ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာလမ်း၊ ကျောက်ချောလမ်း (၂)မိုင်(၄)ဖာလုံ ခင်းခြင်းအတွက် ကုန်ကျငွေ (၁၃၄.၈၇၅)သန်းကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျန် ကျောက်ချောလမ်း (၂)မိုင် (၃)ဖာလုံ ခင်းခြင်းအတွက် ကုန်ကျငွေကျပ် (၁၂၈.၁၃)သန်းကိုလည်းကောင်း ဆက်လက် လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိချောင်းကူးတံတားကို ပြည်ထောင်စုအစိုးရ အနေဖြင့် ငွေလုံးငွေရင်းချ၍ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ပြန်လည် ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီ အဆိုပါမေးခွန်းကို လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနိုင်ထွန်းအုံ က တတိယအကြိမ်ပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့ဖူးတဲ့ မေးခွန်းဖြစ်ပြီးတော့မှ ထိုစဉ်က နယ်စပ်

ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး မှ မွန်ပြည်နယ်၊ သံဖြူဇရပ် မြို့နယ်၊ ကရုပ္ပိကျေးရွာချောင်းကူးတံတားဟာ သံဖြူဇရပ်-အနင် ကျေးရွာချင်း ဆက်လမ်းပေါ်မှာရှိတဲ့ အရှည်ပေ(၃၀၀)၊ အကျယ်(၁၈)ပေရှိတဲ့ တံတားဖြစ်ကြောင်း၊ သံဖြူဇရပ်ဘက်ခြမ်းမှာ (၁၂)ပေအရှည် သံကူကွန်ကရစ်တံတားနဲ့ ကရုပ္ပိဘက်ခြမ်းမှာ (၆၀)ပေအရှည် သံကူကွန်ကရစ်တံတားဖြစ်ပြီး အလယ်မှာ (၆၀)ပေအရှည် သံဘောင်ဘေလီ(၂)ခန်း အရှည်(၁၂၀)ပါဝင်ကြောင်း၊ တံတားရဲ့ လက်ရှိ အခြေအနေက ဒေသတွင်း ထွက်ကုန်ပစ္စည်းများကို သံဖြူဇရပ်သို့ ပို့ဆောင်တဲ့ (၅)တန် ကုန်တင်ယာဉ်များ နေ့စဉ် ဖြတ်သန်း အသုံးပြုလျက်ရှိကြောင်း၊ လက်ရှိတံတားခံနိုင်ဝန်မှာ (၈)တန်ဖြစ်ပြီး၊ (၅)တန်အထက် ယာဉ်များ မဖြတ်သန်းရန် ကန့်သတ်ထားပါကြောင်း၊ အဆိုပါတံတားကို အင်ဂျင်နီယာပိုင်းဆိုင်ရာ ကွင်းဆင်းလေ့လာချက်အရ ကုန်ချိန်(၅)တန်အထိ တင်ဆောင်ဖြတ်သန်းပါက စိတ်ချစွာ သွားလာနိုင် သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း တံတားအခြေပိုင်း စိတ်ချရမှုနှင့် ခိုင်ခန့်မှုရှိစေရေးအတွက် အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ် ပြန်လည်လေ့လာပြီး တံတားပြင်ဆင် ထိန်းသိမ်းစောင့်ရှောက် ခြင်းကို သံဖြူဇရပ်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဝန်ကြီးအနေနဲ့ ရှင်းလင်းဖြေကြားခဲ့ပါတယ်။

ကျွန်တော် ဒီ နယ်စပ်ရေးရာဝန်ကြီးဌာန အင်ဂျင်နီယာအဖွဲ့များရဲ့ ကွင်းဆင်းလေ့လာ စစ်ဆေးချက်များအရ ဒီ သံဖြူဇရပ်ဘက်ခြမ်းမှာရှိတဲ့ (၁၂၀)ပေအရှည် သံကူကွန်ကရစ်တံတားနဲ့ ကရုပ္ပိဘက်ခြမ်းမှာရှိတဲ့ (၆၀)ပေအရှည် သံကူကွန်ကရစ်တံတားအပိုင်းအနေဖြင့် ကောင်းမွန်သော် လည်း တံတားအလယ်မှာရှိတဲ့ သံဘောင်ဘေလီ(၂)ခန်း အရှည်(၁၂၀)ပေရှိတဲ့အပိုင်းမှာ နှစ်ထပ် သံဘောင်ဘေလီတံတား(၆၀)ပေနဲ့ကျန်(၆၀)ပေကို တစ်ထပ်သံဘောင်ဘေလီတံတားအဖြစ် တည်ဆောက် ထားတဲ့ နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုကြောင့် ကုန်တင်ယာဉ်များ ဖြတ်သန်းစဉ် အနည်းငယ် တုန်ခါမှုရှိကြောင်း စိစစ်တွေ့ရှိ ရပါတယ်။

ဒီနေ့ ကျွန်တော် မြို့တော်စည်ပင်သာယာရေးအဖွဲ့များအနေနဲ့လည်း ဒါ ပြည်နယ်အစိုးရရဲ့ ကွက်ကဲမှုအောက်ကို ကျွန်တော် လွှဲပြောင်းပေးပြီးဖြစ်တဲ့အတွက် ဒီတံတားပြုပြင်ဖို့အပိုင်းကို ဒီ အဆိုပါတံတားရဲ့ အလယ်ပိုင်း(၆၀)ပေကို နှစ်ထပ်သံဘောင်ဘေလီတံတားအဖြစ် ပြန်လည်ပြုပြင် ပေးမယ်ဆိုရင် ဒါ အများပြည်သူတို့ လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာနိုင်မှာဖြစ်တဲ့အတွက် ဒီ ကရုပ္ပိတံတားအလယ်ပိုင်း ပေ(၆၀)ကို နှစ်ထပ်သံဘောင်ဘေလီတံတားအဖြစ် ပြန်လည်ပြုပြင်ရန် လိုအပ်မယ့် ရန်ပုံငွေ (၂၈.၂) သန်းကို ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိုးအောင်ရဲ့ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အနောက်တောင်ခြမ်းရှိ ကြွယ်ကန်-မိတ္ထီလာ ကျေးရွာချင်းဆက် မြို့တက်လမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျောက်ချောလမ်းအဖြစ် ပြုပြင်မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အနောက်တောင်ခြမ်းရှိ ကွြယ်ကန်-မိတ္ထီလာ ကျေးလက်လမ်းဟာ မိတ္ထီလာမြို့နယ် အနောက်တောင်ဘက်ခြမ်းရှိ ကွြယ်ကန်ကျေးရွာမှ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးထိ စုစုပေါင်း လမ်းအရှည်(၅)မိုင် (၄)ဖာလုံရှိပြီး မြေသားလမ်းကျဉ်း ဖြစ်ကာ ကျေးရွာပေါင်း(၂၅)ရွာမှာရှိတဲ့ လူဦးရေ(၃၀၂၅၅)ဦးအား အကျိုးပြုသောလမ်းဖြစ်ပါတယ်။ ဒေသခံပြည်သူများအနေနဲ့ မိတ္ထီလာမြို့ကိုသွားလာရာမှာ လှည်းလမ်း၊ မြေသားလမ်း၊ ရိုးကျဉ်းနဲ့ ချောင်းကွေ့များကို ခက်ခဲစွာ ဖြတ်ကျော်သွားလာနေရခြင်း၊ အထူးသဖြင့် မိုးတွင်းကာလမှာ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ပိုမိုဆိုးရွားကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကွြယ်ကန်-မိတ္ထီလာကျေးလက်လမ်း(၅)မိုင်(၄)ဖာလုံကို လမ်းအဆင့်မြှင့်တင်ပေးခြင်းဖြင့် ဒေသခံပြည်သူများအတွက် ပညာရေး၊ကျန်းမာရေး၊လူမှုစီးပွားရေးဘဝတိုးတက်ရေးလုပ်ငန်းစဉ်များ အတွက် များစွာအထောက်အကူဖြစ်စေတဲ့အပြင် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ကျေးလက်ဒေသ ဆင်းရဲချို့တဲ့မှုလျှော့ချရေး လုပ်ငန်းစဉ်များကိုပါ အထောက်အကူဖြစ်စေတဲ့ အတွက် အဆိုပါလမ်းကို အဆင့်မြှင့်တင်ပြုပြင်ပေးရန် လိုးဝလိုအပ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီအဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက် မည်ဆိုပါက ငွေကျပ်(၂၀၁.၇၂)သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဒီအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ ကွြယ်ကန်-မိတ္ထီလာကျေးလက်လမ်း (၅)မိုင် (၄)ဖာလုံကို ကျောက်ချောခင်းခြင်း ခန့်မှန်းကုန်ကျငွေ ကျပ်(၂၁၀.၇)သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၌ ထည့်သွင်းလျာထား ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပလက်ဝ-ကျောက်တော် ရာသီမရွေးသွားလာနိုင်သော ကားလမ်းအတွက် လိုအပ်သည့်တံတား(၃)စင်း အား၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေများတွင်လည်းကောင်းချမှတ်ပေးရန်နှင့် ကားလမ်းနှင့် ယှဉ်တွဲလျက် မီးရထားလမ်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့ယိန်း က ပလက်ဝ-ကျောက်တော် ရာသီမရွေးသွားလာနိုင်သော ကားလမ်းအတွက် လိုအပ်သည့်တံတား(၃)စင်း အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေများတွင်လည်းကောင်း ချမှတ်ပေးရန်နှင့် ကားလမ်းနှင့် ယှဉ်တွဲလျက် မီးရထားလမ်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဝေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝေ့ယိန်း မှ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းမယ့်မေးခွန်းကတော့ ပလက်ဝ-ကျောက်တော် ရာသီမရွေးသွားလာနိုင်သော ကားလမ်းအတွက် လိုအပ်နေသည့်တံတား(၃)စင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေများ ချမှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နဲ့ ကားလမ်း နဲ့ ယှဉ်တွဲလျက် မီးရထားလမ်း ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်၊ ပလက်ဝမြို့ဟာ ရခိုင် ပြည်နယ်၊ ကျောက်တော်မြို့မှတစ်ဆင့် ပြည်မနဲ့ ဆက်သွယ်ရာမှာ ကားလမ်းတစ်ခုတည်းကိုပဲ အားထားရတဲ့ မြို့နယ်ဖြစ်ပါတယ်။ ပလက်ဝမြို့ဟာ ကျောက်တော်မြို့နဲ့ ကုလားတန်မြစ်ကြောင်း အတိုင်း ရေလမ်းခရီးကိုသာ အားထားဆက်သွယ်နေရပြီး ကုန်းလမ်းခရီး ဆက်သွယ်နိုင်ခြင်း မရှိသေး ပါဘူး။ ပလက်ဝ-ကျောက်တော်လမ်းသည် အရှည်(၃၃)မိုင်(၅)ဖာလုံရှိပြီးတော့ ၂၀၁၃ မတ်လ ၃၁ ရက်နေ့ထိ လမ်းအခြေအနေအရ ကျောက်လမ်း(၁၂)မိုင်(၄)ဖာလုံ၊ အမာခံကျောက် လမ်း (၂၁)မိုင် (၁)ဖာလုံ ဖောက်လုပ်ပြီးဖြစ်ပါတယ်။

ပလက်ဝ-ကျောက်တော်လမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းအဖြစ် မြှင့်တင် ဖောက်လုပ်ရာမှာ ပလက်ဝမြို့နယ်နဲ့ ကျောက်တော်မြို့နယ် နယ်နိမိတ်ဖြစ်တဲ့ မီးချောင်းကနေ ပြီးတော့ ပလက်ဝမြို့အထိ တံတား(၃)စင်း တည်ဆောက်ရန်လိုအပ်မည်ဖြစ်ပါတယ်။ ၎င်းတံတား (၃)စင်းကတော့ (၁)မီးချောင်းတံတား(၄၂၀)ပေ၊ (၂) သဲမချောင်းတံတား(၃၀၀)ပေ၊ (၃) နှမဒါ ချောင်းတံတား(၄၃၀)ပေ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းချောင်းကူးတံတား(၃)စင်း ဆောက်လုပ်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေများ ချမှတ်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါတယ်။ ထို့အပြင် ပလက်ဝနဲ့ ကျောက်တော်လမ်းသည် ကုလားတန်မြစ်ရဲ့ အရှေ့ဘက်တစ်လျှောက် တောင်-မြောက်ဖောက်လုပ် ခြင်းဖြစ်ပြီး တောင်ကုန်းမြင့်များမရှိဘဲ အများအားဖြင့် မြေညီ၊ မြေပြန့်များသာ ဖြစ်ပါတယ်။ ရေရှည်ကိုမျှော်ကိုး၍ ကားလမ်းနှင့်ယှဉ်တွဲပြီး ရထားလမ်းဖောက်လုပ်ရန်အတွက်ပါ လိုအပ်လျက်ရှိ ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုတာကတော့ (၁) ပလက်ဝ - ကျောက်တော် ရာသီမရွေးသွားလာနိုင်သော ကားလမ်းအတွက် လိုအပ်တဲ့ တံတား(၃)စင်း အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေများ ချမှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ နဲ့ (၂) ကားလမ်းနဲ့

ယှဉ်တွဲလျက် မီးရထားလမ်း ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**စစ်တောင်းတံတား (သိမ်ဇရပ်)ပေါ်မှ (၁၈)တန်ကားများ ဖြတ်သန်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွန်း က စစ်တောင်းတံတား (သိမ်ဇရပ်)ပေါ်မှ (၁၈)တန်ကားများ ဖြတ်သန်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားစွာ ဂါရဝပြုပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကို မမေးခင်မှာ ကျိုက်ထိုမြို့နယ်ရဲ့ ပထဝီမြေအနေအထားကို အနည်းငယ်တင်ပြလိုပါတယ်။ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်နှစ်ခုကြားမှာ ကျွန်တော်တို့ ဒီ စစ်တောင်းမြစ်ကြီးကနေပြီးတော့ စီးဆင်းပြီးတော့ ခြားနားနေပါတယ်။ ဒီ စစ်တောင်းမြစ်ကြီးကို ဖြတ်ကျော်ဖို့ တံတား(၂)စင်းရှိပါတယ်။ ပထမတံတားကတော့ စစ်တောင်းမြစ်ကူးတံတား (သိမ်ဇရပ်) ဖြစ်ပြီးတော့ ၁၉၆၃ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကျောက်ညှပ်ကျေးရွာနဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာကို ဆက်သွယ်ထားတဲ့ တံတားဖြစ်တဲ့အတွက် ၎င်းကို စစ်တောင်းတံတား (သိမ်ဇရပ်) ဒါမဟုတ်ရင် ဒေသခံ အခေါ်အဝေါ်အရ ကျောက်ညှပ်တံတားလို့လည်း ခေါ်ကြပါတယ်။ အလွန်လှပတဲ့ တံတားကြီးဖြစ်ပြီးတော့မှ ကျွန်တော်တို့ မွန်ပြည်နယ်ရဲ့ ဂုဏ်ထူးဆောင်တံတားကြီး ဖြစ်ပါတယ်။ အရှည်အားဖြင့် (၃၂၁၁)ပေ၊ တန်အားဖြင့် (၅၁၀၀)တန်နဲ့ ခုံး(၆)ခုံးရှိတဲ့ တံတားကြီး ဖြစ်ပါတယ်။

ဒီတံတားဟာ သက်တမ်းအားဖြင့် နှစ်ပေါင်း (၅၀) သက်တမ်း ရှိပြီဖြစ်တဲ့အတွက် ခိုင်ခံ့မှု အားနည်းနေတယ်ဆိုတာကိုတော့ ကျွန်တော်တို့ အားလုံးလက်ခံကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ၂၀၀၈ ခုနှစ်၊ ဇူလိုင်လမှာ တပ်မတော်အစိုးရအနေနဲ့ ဒုတိယတံတားဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကံကြီးဆိပ်ကျေးရွာနှင့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာ အနီးမှနေပြီးတော့ စစ်တောင်းတံတား(မုပ္ပလင်)တံတား အသစ်တစ်စင်းကို ကျွန်တော်တို့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီလို ဖွင့်လှစ်ပေးတဲ့အတွက် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးကို ဆက်သွယ်တဲ့ နေရာမှာ ပိုမိုပြီးတော့မှ လုံခြုံချောမွေ့သွားတဲ့အပြင် လမ်းခရီးမှာလည်း(၁၅)မိုင်ခန့် တိုသွားပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းမှာရှိတဲ့ တစ်ချိန်ကဖွံ့ဖြိုးမှုနည်းတဲ့ ညောင်ခါးရှည်လို ကျေးရွာမျိုးကြီးက နေ့ချင်းညချင်းကိုပဲ ဖွံ့ဖြိုးလာတဲ့အတွက် ဒါကို ကျွန်တော်တို့ ကြည့်ပြီးတော့ ဝမ်းသာကြည်နူး ရပါတယ်။

သို့သော်လည်းပဲ မူလတံတားဟောင်းဖြစ်တဲ့ စစ်တောင်းတံတား(သိမ်ဇရပ်)ပေါ်ကနေပြီးတော့မှ ယာဉ်နှင့်ကုန် (၁၃)တန် ကားလောက်သာ ဖြတ်သန်းခွင့်ပြုတဲ့အတွက် ဝေါမြို့နယ်အတွင်းမှာရှိတဲ့ ကျောက်ညှပ်၊ တနော်ကျွန်း၊ အုပ်ပိုလ် (၁၊ ၂၊ ၃) သံခုန်၊ ကျောက်ပုံ၊ ပုဂံ၊ ကင်မွန်ချို၊ ဆပ်သွားချို၊ ဖက္ကလိပ် စတဲ့ ကျေးရွာများဟာ ချက်ချင်းကိုပဲ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးမှုကျဆင်းသွားတဲ့အပြင် ကျိုက်ထိုမြို့နယ်အတွင်းမှာရှိတဲ့ သိမ်ဇရပ်ကျေးရွာဟာလည်း ဖွံ့ဖြိုးမှုကျဆင်းသွားပါတယ်။ သိမ်ဇရပ်ကျေးရွာဆိုပေမယ့်လည်း မြို့နယ်ခွဲအဆင့်ရှိတဲ့အတွက် ရပ်ကွက်က (၁၃)ခု၊ အိမ်ထောင်စုပေါင်းက (၄၃၀၀)၊ လူဦးရေက (၂၀၀၀၀)ကျော်၊ အ.ထ.က ကျောင်းတစ်ကျောင်းနဲ့ ဘုန်းကြီးကျောင်း (၂၈)ကျောင်း၊ တိုက်နယ်ဆေးရုံ(၁)ရုံနှင့် ရဲစခန်းကြီး(၁)ခုနဲ့ စစ်တောင်းစက္ကူစက်ပါရှိတဲ့ တိုက်နယ်အဆင့်ရှိတဲ့ ကျေးရွာကြီးတစ်ခု ဖြစ်ပါတယ်။ သိမ်ဇရပ်ကျေးရွာမှာ ကျွန်တော်တို့ မော်တော်ဆိပ်တစ်ခု ရှိပါတယ်။ သိမ်ဇရပ် ကျေးရွာကို ရေကြောင်းကနေပြီးတော့မှ အမှီပြုထားတဲ့ ရွာများဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီးကနေပြီးတော့မှ သူရဲသမိန်၊ ကွမ်းဆိပ်၊ လက်ပန်၊ စက်စု၊ မှိုကတုံး၊ ပျဥ်းမကန်၊ မြစ်ကျိုး၊ သုံးခွ၊ ကွေ့ကြီး၊ ရှမ်းစု၊ ညောင်ခြေထောက်၊ ထင်းကုန်း၊ ကျောင်းရွာ ဒုံဇရစ် ဆိုတဲ့ ကျေးရွာကြီး(၁၄)ရွာဟာလည်း စစ်တောင်းမြစ်အတိုင်း ကုန်ပစ္စည်းများကို စက်လှေများနဲ့ သယ်လာပြီးတော့ သိမ်ဇရပ်ကျေးရွာမှတစ်ဆင့် ကုန်သွယ်မှုလုပ်ကြတာ ဖြစ်ပါတယ်။ ထို့အတူပဲ ကျိုက်ထိုမြို့နယ်ထဲမှာရှိတဲ့ ကမ်းနီ (၁၊ ၂၊ ၃) သထုံစု၊ ပျဥ်းကတိုးကုန်း၊ ပိန္နဲကုန်း၊ ကျောက်တန်းလေး စတဲ့ ကျေးရွာပေါင်း(၃၀)ကျော်ဟာလည်း သိမ်ဇရပ်ကို ဗဟိုထားပြီးတော့မှ တခြားမြို့များကို ကုန်သွယ်မှုလုပ်ကြ၊ ခရီးဆက်ကြတာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ (၁၃)တန်ဆိုတဲ့ ကားတစ်စီးကို ကျွန်တော်တို့တင်ပြမယ်ဆိုရင် (၁၃)တန် ဆိုတဲ့ ကားဟာ ကျွန်တော်တို့ BM ကား အရွယ်လောက်ပဲ ရှိပါတယ်။ ခုခေတ်မှာ ကျွန်တော်တို့ BM ကားကြီးတွေလည်း မရှိတော့ပါဘူး။ ဒေသအခေါ်ဖြစ်တဲ့ မှန်လုံကားတွေ၊ လေအိတ်ကားတွေဆိုရင် တန်အားဖြင့် (၁၈)တန်ရှိတဲ့ ကားများဖြစ်တဲ့အတွက် တံတားပေါ်ကနေပြီးတော့ ဖြတ်သန်းခွင့် မပြုပါဘူး။ ဒါကြောင့်လည်း စစ်တောင်းတံတား(သိမ်ဇရပ်) အပေါ်ကနေပြီးတော့ ဟိုင်းလတ် (၄)ချိတ်၊ (၅)ချိတ်များသာလျှင် ဖြတ်သန်းခွင့်ပြုပါတယ်။ ဒါကြောင့် ကျောင်းသူ/ကျောင်းသားများ ပညာသင်ကြားနေတဲ့ ကျွန်တော်တို့ တက္ကသိုလ်က ကျောင်းသူ/ကျောင်းသားများ အနေနဲ့ မုပ္ပလင် ကျေးရွာလမ်းဆုံမှာ ဆင်းပြီးတော့ သိမ်ဇရပ်ကျေးရွာကို ဆိုင်ကယ်ကယ်ရီနှင့် လာရင်လာ၊ မလာဘူး ဆိုရင် ကျွန်တော်တို့ ဟိုင်းလတ်ကားများကိုသာ စီးရတဲ့အတွက် တော်တော်လေးကိုပဲ အဆင်မပြေ ဖြစ်ကြရပါတယ်။

ဒါကြောင့် ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ (၁) စစ်တောင်းမြစ်ကူးတံတားပေါ်မှ (၁၈)တန်ကားများ ဖြတ်သန်းခွင့်ပြုနိုင်၊ မပြုနိုင်ကိစ္စ၊ (၂) တံတားခံဝန်အားကြောင့် ဖြတ်သန်းခွင့်မပြုပါဘူးဆိုရင်လည်း ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ၊ တကယ်လို့ မရှိပါဘူးဆိုရင်လည်း ဒေသခံပြည်သူများရဲ့ အကျိုးအတွက် (၁၈)တန်ကားများကို၊ မှန်လုံလေအိတ်ကားများကို ဖြတ်သန်းနိုင်အောင် ပြုပြင်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးအထူးပဲတင်ရှိပါတယ်။

**နေ့စဉ်ပြေးဆွဲနေသော ရထားတွဲဆိုင်းများပေါ်ရှိ တွဲစောင့်များ ခန့်ထားခြင်းသည် ခရီးသွားလုပ်သား ပြည်သူများအပေါ် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/မရှိ နှင့် မီးရထား ရဲဝန်ထမ်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျော်လွန်ဆောင်ရွက်နေခြင်းအား မည်ကဲ့သို့ ကြပ်မတ်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နေ့စဉ်ပြေးဆွဲနေသော ရထားတွဲဆိုင်းများပေါ်ရှိ တွဲစောင့်များ ခန့်ထားခြင်းသည် ခရီးသွားလုပ်သား ပြည်သူများအပေါ် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/မရှိ နှင့် မီးရထားရဲဝန်ထမ်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျော်လွန်ဆောင်ရွက်နေခြင်းအား မည်ကဲ့သို့ ကြပ်မတ်သွားမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကြွရောက်လာသော ပညာရှင်ကြီးများ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံ တော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ နေ့စဉ်ပြေးဆွဲနေသော မီးရထား တွဲဆိုင်းများပေါ်ရှိ တွဲစောင့်များ ခန့်ထားခြင်းသည် ခရီးသွားလုပ်သား ပြည်သူများအပေါ် အမှန်တကယ် အကျိုး သက်ရောက်မှု ရှိ/မရှိ၊ မီးရထားရဲဝန်ထမ်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ကျော်လွန်ဆောင်ရွက် နေခြင်းတို့အား မည်ကဲ့သို့ ကြပ်မတ်သွားမည်ကို သိရှိလိုပါကြောင်းတို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရပ်ခြား တိုင်းပြည်တွေမှာ ဘတ်စ်ကားတွေပေါ်မှာတောင် စပယ်ယာ မပါတော့ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာကတော့ ဘတ်စ်ကားတင်မကဘူး ရထားတွဲတွေပေါ်မှာ တွဲစောင့်တွေနဲ့ ကြပ်မတ်နေတာတွေ တွေ့ရပါတယ်။ ဒီ တွဲစောင့်တွေက ရထားတစ်တွဲလုံးကို အထူးအာဏာကုန် လုပ်ပိုင်ခွင့်ရ ပုဂ္ဂိုလ်ကြီးများအဖြစ် ခံယူပြီးတော့ ခရီးသွား လုပ်သားပြည်သူများအပေါ် ကူဖော်မရဘဲ လောင်ဖက်များအဖြစ် ဒုက္ခပေး လျက်ရှိကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ မီးရထားစီးနင်းခြင်းကို အထူး အားကိုးအားထား ပြုနေရတဲ့ မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းက တွဲစောင့်နဲ့ ရထားရဲတွေဟာ ခရီးသွားပြည်သူ တွေကို အမျိုးမျိုးခြယ်လှယ်နေတာကို နေ့စဉ်နဲ့အမျှ ကြုံတွေ့နေကြရပါတယ်။ လက်မှတ်ဝယ်ထား သူ ခရီးသွားဟာ မိမိရဲ့ ခုံနေရာအတိုင်း နေရာယူခွင့်မရဘဲနဲ့ တွဲစောင့်မှ ခုံနေရာကြိုတင် ရောင်းချ ထားခြင်းမျိုး မကြာခဏ ကြုံတွေ့နေရပါတယ်။ မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းမှာ ရဲတွဲ ဆိုပြီးတော့ သီးသန့်တစ်တွဲလုံး ယူထားပြီးတော့ တွဲစောင့်ရဲများက ခုံနေရာ ရောင်းစားလျက် ရှိနေ တာဟာလည်း ယနေ့ ခေတ်အခြေအနေနဲ့ ကိုက်ညီမှုမရှိတော့ဘူးလို့ တင်ပြလိုပါတယ်။ ဒါ့အပြင် အဆိုပါ လမ်းအပိုင်းမှာရှိတဲ့ တွဲစောင့်များဟာ ရထားတွဲများပေါ်မှာ မူးယစ်သောက်စားခြင်း၊ ပြည့်တန်ဆာများ တင်ဆောင်ခြင်း စသည့် မလျော်မကန်တဲ့ လုပ်ရပ်တွေကို လုပ်ဆောင်လျက်ရှိတာ

ကိုလည်း တွေ့မြင်နေရပါတယ်။ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆတာကတော့ ရထားတွဲဆိုင်းများမှာ တွဲစောင့်တွေ မပါဘဲနဲ့ ပြေးဆွဲမယ်ဆိုလို့ရှိရင် ခရီးသည်တွေအနေနဲ့ ကျေနပ်ဝမ်းမြောက်လိမ့်မယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ ရထားရဲများဟာလည်း မိမိတို့ရဲ့ လုံခြုံရေးတာဝန်ကို ဘေးဖယ်ထားပြီးတော့ ရဲတွဲဆိုပြီးတော့ ရထားတစ်တွဲလုံးကိုရယူပြီး ခုံနေရာ ရောင်းစားနေတာကို နေ့စဉ်နဲ့အမျှ ကြုံတွေ့နေပါတယ်။ မိမိတာဝန် မဟုတ်ဘဲနဲ့ ကုန်ပစ္စည်းများကို တန်ဆာခ ကောက်ခံတာတွေ၊ ဒဏ်ကြေးရိုက်တာတွေကိုလည်း လုပ်နေကြောင်း ကျွန်တော့်အနေနဲ့ လက်တွေ့ကွင်းဆင်းလေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့အပတ်က စပိန်နိုင်ငံမှာ ရထားတစ်စင်းမှောက်လို့ လူ(၈၀)လောက်သေဆုံးတဲ့အခါမှာ အဲဒါကို ကျွန်တော် လေ့လာကြည့်တဲ့အခါမှာ ရထားတွဲကြီးတစ်တွဲလုံးမှာမှ စုစုပေါင်း ရထားဝန်ထမ်း(၄)ယောက်တည်း ပါတာတွေ့ရပါတယ်။ ကျွန်တော်တို့မှာတော့ ဒီတွဲစောင့်တွေ ထားပြီးတော့ အဲဒီတွဲစောင့်တွေက အမှန်တကယ် အထောက်အကူဖြစ်ရင်တော့ ကောင်းပါတယ်။ သို့သော် အထူးသဖြင့် ဆိုးနေတာကတော့ မြစ်ကြီးနား-မန္တလေးရထားလမ်းပိုင်းက ခရီးသွားပြည်သူတွေကို တွဲစောင့်တွေက အမျိုးမျိုးခြယ်လှယ်နေတာကို လက်တွေ့လက်ရှိ တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြလိုတဲ့ မေးခွန်းကတော့ နေ့စဉ်ပြေးဆွဲနေတဲ့ ရထားတွဲဆိုင်းတွေပေါ်မှာ တွဲစောင့်တွေ လိုသေးသလား၊ သူတို့ကို ထားတာနဲ့ မထားတာနဲ့ ဘယ်ဟာ ပိုကောင်းသလဲ၊ အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/မရှိ နဲ့ မီးရထားရဲတွေအနေနဲ့ကလည်း မိမိရဲ့ လုံခြုံရေးတာဝန်ကိုသာ ထမ်းဆောင်သင့်ပြီးတော့ သူတို့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး ဆောင်ရွက်နေခြင်းကို မည်ကဲ့သို့ ကြပ်မတ်သွားမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၁။**

**ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်ကြီးများခင်ဗျား။ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့ယိန်း က ပလက်ဝ-ကျောက်တော် ကားလမ်းရှိ တံတား(၃)စင်း တည်ဆောက်ရေးအတွက် ရန်ပုံငွေချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ ကားလမ်းနဲ့ ယှဉ်တွဲလျက် မီးရထားလမ်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်း၍ သိရှိလိုပါကြောင်း မေးမြန်းလာတဲ့ကိစ္စအား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်သိန်း က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပလက်ဝ-ကျောက်တော် ကားလမ်းရှိ တံတား (၃)စင်း တည်ဆောက်ရေး ရန်ပုံငွေချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကိစ္စရပ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့သို့ ညှိနှိုင်းဆက်သွယ် မေးမြန်းခဲ့ရာ အဆိုပါ ပလက်ဝ-ကျောက်တော်လမ်းပိုင်းရှိ မီးချောင်းတံတား၊သဲမချောင်းတံတား၊ နှမဒါချောင်းတံတား စတဲ့

တံတား (၃)စင်း ဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေတွင် တင်ပြရန် လျာထားကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် လျာထားခြင်း မရှိသေးပါကြောင်း ပြန်ကြားသဖြင့် သိရှိနိုင်ပါရန် ဖြေကြားအပ်ပါတယ်။ မြန်မာ့မီးရထား အနေနဲ့ ရခိုင်ပြည်နယ်အတွင်း ဖောက်လုပ်လျက်ရှိတဲ့ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှာ စစ်တွေ-ရေချမ်းပြင်-ပုဏ္ဏားကျွန်း-ရသေ့တောင်-ကျောက်တော်ကိုဖြတ်၍ မဟာမုနိ-တိမ်ညို- မြောက်ဦးမှတစ်ဆင့် မင်းဘူးသို့ ဖောက်လုပ်ရန် လမ်းအူကြောင်း ရွေးချယ်ထားပါတယ်။ အဆိုပါ လမ်းအူကြောင်းအရ စစ်တွေမှ အမ်းအထိ ဖောက်လုပ်နိုင်ရေးအတွက် အထူးကြိုးပမ်း ဆောင်ရွက်လျက် ရှိပါတယ်။ ပလက်ဝ-ကျောက်တော်မှာ သီးခြားလမ်းအပိုင်းဖြစ်ပြီး လက်ရှိလျာထား ဆောင်ရွက်တဲ့ စီမံကိန်းမှာ မပါဝင်ပါသဖြင့် ပလက်ဝ-ကျောက်တော် ကားလမ်းနှင့် ယှဉ်လျက် ရထားလမ်းအား ဖောက်လုပ်ရန် လျာထားအစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်း မှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် စစ်တောင်းတံတား၊ သိမ်ဇရပ်ပေါ်မှ (၁၈)တန် ကားများ ဖြတ်သန်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလာတဲ့ကိစ္စအား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ စစ်တောင်းတံတား၊ သိမ်ဇရပ်ဟာ မြန်မာ့မီးရထားအတွက် အဓိကထား တည်ဆောက်ထားသော တံတားဖြစ်ရာ ပင်မတံတားပေါ်မှ ရထားကို ဖြတ်သန်းစေပြီး၊ ကားများကိုမူ ပင်မတံတား၏ တစ်ဖက် တစ်ချက်စီတွင် ထုတ်ထားသော Cantilever ပေါ်မှ ဖြတ်သန်းစေခြင်းဖြစ်ရာ မူလဒီဇိုင်းအရပင် မော်တော်ယာဉ်များကို (၁၃)တန်အထိသာ ခွင့်ပြုထားပါတယ်။ ယခင်က ယာယီအစီအစဉ်ဖြင့် ရထားသွားသော ပင်မတံတားအပေါ်မှာ သစ်သားများကို ခင်းကာ တန်(၆၀)အထိလေးသော ကျောက်ကားများကို ဖြတ်သန်းနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ စစ်တောင်းတံတား မုပ္ပလင်ကို ဖွင့်လှစ်ပြီးချိန်မှာ တန်(၆၀)အထိလေးသော ကားကြီးများ ၎င်းတံတားမှ ဖြတ်သန်းနိုင်မည်ဖြစ်၍ စစ်တောင်းတံတား သိမ်ဇရပ်၏ ပင်မတံတားတွင် ယာယီအစီအစဉ်အရ ခင်းထားသော သစ်သားပျဉ်များကို ဖြုတ်သိမ်းခဲ့ပြီ ဖြစ်ပါတယ်။ မူလဒီဇိုင်းအရပင် တန်ချိန်(၁၃)တန် အထိ ရှိသော ကားများဖြတ်သန်းရန် တည်ဆောက်ထားခြင်းဖြစ်၍ ပေါ်ပေါက်လာမည့် အန္တရာယ်ကို ရှောင်ရှားနိုင်ရန် (၁၈)တန်ကားများကို ဖြတ်သန်းခွင့်ပြုရန် အစီအစဉ် မရှိပါကြောင်းနှင့် မူလဒီဇိုင်းအရ ပြုပြင်နိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ မှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် နေ့စဉ်ပြေးဆွဲနေသော ရထားတွဲဆိုင်းများပေါ်ရှိ တွဲစောင့်များ ခန့်ထားခြင်းသည် ခရီးသွားလုပ်သားပြည်သူများအပေါ် အမှန်တကယ် အကျိုးသက် ရောက်မှု ရှိ/မရှိ နှင့် မီးရထားရဲ့ဝန်ထမ်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျော်လွန်ဆောင်ရွက် နေခြင်းအား မည်ကဲ့သို့ ကြပ်မတ်သွားမည်ကို သိရှိလိုကြောင်း မေးမြန်းလာတဲ့ကိစ္စအား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းတစ်လျှောက် ဖြန့်ကျက်ထားသော ဘူတာဝန်ထမ်း အပါအဝင်

ရထားဝန်ထမ်းများနှင့် ရထားပေါ်တွင် လိုက်ပါထမ်းဆောင်နေသော ရထားလက်မှတ်စစ်၊ တွဲထိန်း၊ ရထားရဲများအား ကြပ်မတ်နိုင်ရန်အတွက် မမှန်မကန်ပြုလုပ်ကြောင်း မိမိတို့က စစ်ဆေးတွေ့ရှိလျှင်လည်းကောင်း၊ တိုင်ကြားချက်ရှိပါကလည်းကောင်း၊ အရေးယူနိုင်ရန်အတွက် ဘူတာတိုင်းတွင် နယ်မြေခံလူထုက ရထားဝန်ထမ်းများအား သားချင်းများအဖြစ်သဘောထား စောင့်ရှောက်ကြရန်နှင့် အကယ်၍ မိဘပြည်သူများ၊ ခရီးသည်များအပေါ် မမှန်မကန်ပြုလုပ်ပါက တိုင်ကြားနိုင်ကြောင်း မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဖုန်းနံပါတ်နှင့် တိုင်းအရာရှိများရဲ့ ဖုန်းနံပါတ်များကို ဖော်ပြထားခြင်းများအပြင် ဘူတာတိုင်း၌ ခရီးသည်များက မကျေနပ်ချက်များရှိပါက တိုင်ကြားနိုင်ရန် တိုင်ကြားချက်စာအုပ်များ ဖွင့်လှစ်ပေးထားပါတယ်။ တိုင်ကြားချက်များကိုလည်းပဲ ထိထိရောက်ရောက် အရေးယူလျက်ရှိရာ နှစ်စဉ် အရေးယူခဲ့ရတဲ့ ဝန်ထမ်းများ များပြားစွာ ရှိပါတယ်။ နေ့စဉ်ပြေးဆွဲနေသော ရထားတွဲဆိုင်းများပေါ်မှာရှိတဲ့ တွဲစောင့်များ ခန့်ထားခြင်းသည် ခရီးသည်က အရေးပေါ် ရထားရပ်စေလိုသောကိစ္စ၊ ရထားပေါ်တွင် လုယက်သူ၊ ပစ္စည်းအလစ်ခိုးယူသူတို့အား ကာကွယ်ရန်ကိစ္စ၊ ခရီးသည် အချင်းချင်းရန်ဖြစ်ခြင်း၊ မူးယစ်ပြီး ရိုက်နှက်ခြင်းကိစ္စ၊ မကျန်းမာသော ခရီးသည်အား စောင့်ရှောက်ရေး၊ တွဲများ သန့်ရှင်းရေး၊ ခရီးသည်များအား အကူအညီပေးရေး၊ အခြားလိုအပ်သော စောင့်ရှောက်မှုများ ပြုလုပ်နိုင်ရေး၊ လက်မှတ်မဲ့၊ တန်ဆာမဲ့ ကိစ္စရပ်များအတွက် လက်မှတ်စစ်အား မှန်ကန်စွာ အကူအညီ ပေးရေးတို့အတွက် ဖြစ်ပါတယ်။

အလားတူ ရထားရဲများကိုလည်း ခရီးသည်နှင့် ပစ္စည်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်နိုင်ရန် လိုက်ပါစေခြင်း ဖြစ်ပါတယ်။ တွဲထိန်းများတွင် အမြဲခန့်ထားသော ဝန်ထမ်းများနှင့် နေ့စားဝန်ထမ်းများဟူ၍ (၂)မျိုးရှိပြီး၊ အချို့ရထားတွဲဆိုင်းများတွင် ကန်ထရိုက် လုပ်ငန်းအဖြစ် တွဲသန့်ရှင်းရေးနှင့် တွဲထိန်းဝန်ဆောင်မှုကို ဆောင်ရွက်စေခြင်းလည်း ရှိပါတယ်။ တွဲထိန်းဝန်ဆောင်မှု ပေးရာတွင် ဝန်ထမ်းအင်အား ခွင့်ပြုချက် အခြေအနေအရ အချို့သော တွဲဆိုင်းများ၌သာ တွဲထိန်းများ တာဝန်ပေးနိုင်ပြီး၊ ကျန်တွဲဆိုင်းများတွင် အများအားဖြင့် အထက်တန်းတွဲများတွင်သာ တွဲထိန်းများ ထားရှိပေးပါတယ်။ မန္တလေး-မြစ်ကြီးနား ရထားများမှာ ဝန်ထမ်းများ စည်းကမ်းလိုက်နာစေရေး၊ ခရီးသည်များ၏ လိုအပ်ချက် သိရှိစေရေးတို့အတွက် ယခုမေးခွန်းမရမီ ဇွန်လလယ်ခန့် မှစ၍ တိုင်း(၂) ရွှာထောင်မှ တိုင်းပို့ဆောင်ရေးမန်နေဂျာ ဦးညိုဦး ဦးစီးသော စစ်ဆေးရေးအဖွဲ့ဟာ ရွှေဘိုဘူတာမှာ အခြေပြု၍ အဖွဲ့(၂)ဖွဲ့ခဲ့ကာ မန္တလေး-မြစ်ကြီးနားခရီးသည် စုန်/ဆန် ရထားများပေါ်မှာ တွဲစောင့်နှင့် ရထားရဲများ အပါအဝင် ရထားဝန်ထမ်းများက လက်မှတ်မဲ့ ခရီးသည်၊ တန်ဆာမဲ့ကုန်များ မတင်ဆောင်စေရေးအတွက်လည်းကောင်း၊ ခရီးသည်များက တင်ပြတိုင်ကြားသည်များ ရှိပါက အရေးယူဆောင်ရွက်ပေးရန်လည်းကောင်း ယနေ့တိုင် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုမေးခွန်းရတဲ့ အချိန်မှာလည်းပဲ မန္တလေး-မြစ်ကြီးနားလမ်းအပိုင်း ပြေးဆွဲနေသော ရထားအားလုံးပေါ်မှာ မန္တလေးမှ တိုင်းအရာရှိများ ဦးစီးသော အဖွဲ့(၄)ဖွဲ့၊ ရွှာထောင်နှင့် မြစ်ကြီးနားမှ အလားတူ (၂)ဖွဲ့စီ၊ ကောလင်းနှင့် မိုးညှင်းမှ အလားတူ(၁)ဖွဲ့စီ၊ စုစုပေါင်း(၁၀)ဖွဲ့ဖြင့် ရထားတွဲထိန်းများ၊ ရထားတွင်လိုက်ပါသော ရထားရဲများနှင့် ပတ်သက်၍ တပ်မတော်သားများ အပါအဝင် ခရီးသည်များ၊ ရထားလက်မှတ်စစ်များ၏ တွေ့ရှိချက်၊ တင်ပြချက်၊ တိုင်ကြားချက်များကို လူတွေ့မေးမြန်းခြင်း၊ ပုံစံစာရွက်ဝေ၍ ဖြေဆိုစေခြင်းများ ဆောင်ရွက်စေခဲ့ရာ တွဲထိန်းများအရက်သောက်စားခြင်း ရံဖန်ရံခါ ရှိကြောင်း ဖြေကြားသူ (၅) ရာခိုင်နှုန်းခန့်၊ တွဲထိန်းများ တန်ဆာမဲ့ပစ္စည်းသယ်ဆောင်သည်ကို တွေ့ရ

ကြောင်း၊ ဖြေကြားသူ (၁၀)ရာခိုင်နှုန်းခန့်၊ မကောင်းသော မိန်းမပျက်များကို တွဲထိန်းက ခေါ်ယူလာသည်ကို တွေ့ရသူမရှိကြောင်း၊ အရေးပေါ် လိုသည့်အခါ တွဲထိန်းများ ခေါ်မရကြောင်း ဖြေကြားသူ (၁၀)ရာခိုင်နှုန်းခန့်၊ တွဲထိန်းလိုအပ်ကြောင်း ဖြေကြားသူ(၈၀)ရာခိုင်နှုန်းခန့်၊ ရဲလိုအပ်ကြောင်း ဖြေကြားသူ(၈၀) ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါတယ်။

မကောင်းသော မိန်းမပျက်ဟု ယူဆသူကို ခေါ်ဆောင်လာကြောင်း၊ ၂၀၁၃ ခုနှစ်၊ မတ်လခန့်က တစ်ကြိမ်ပေါ်ပေါက်ဖူးသဖြင့် အရေးယူခဲ့ပြီး ဖြစ်ပါတယ်။ ရထားထိန်းများနှင့် ပတ်သက်၍ ယခုလည်းကြပ်မတ်လျက်ရှိရာ ထပ်မံ၍လည်းပိုမိုကြပ်မတ်ခြင်း၊ အခြားနည်းရှာဖွေခြင်းများ ဆောင်ရွက်သွားပါမယ်။

မီးရထားရဲဝန်ထမ်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ကျော်လွန်ဆောင်ရွက်နေခြင်းအား မည်ကဲ့သို့ ကြပ်မတ်သွားမည်ကို သိရှိလိုကြောင်း မေးမြန်းမှုနှင့် ပတ်သက်၍ ရထားရဲတပ်ဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ရဲလက်စွဲ (တတိယတွဲ)တွင် ဖော်ပြ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လိုက်နာဆောင်ရွက်စေလျက် ရှိပါတယ်။ ရထားရဲတပ်ဖွဲ့ အနေဖြင့် အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာ့မီးရထားက နေ့စဉ်ပြေးဆွဲနေသော ရထားများ လုံခြုံရေး၊ ဘူတာယာဒ်ဝင်း လုံခြုံရေး၊ ရထားလမ်းပိုင်း လုံခြုံရေးနှင့် မီးရထားပိုင် စက်ရုံ၊ အလုပ်ရုံများ၏ လုံခြုံရေးကို အထက်အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ရထားရဲတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျော်လွန်ဆောင်ရွက်ခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းများ ဖြစ်ပွားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊ ခရီးသွားပြည်သူများက တိုင်ကြားခြင်းများ ရှိပါက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပြီး မှန်ကန်ကြောင်း စစ်ဆေးပေါ်ပေါက်ပါက ကျူးလွန်သည့် တပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

မေးမြန်းထားသော မေးခွန်းများနှင့် ပတ်သက်၍ အပြုသဘောဆောင်သော မေးခွန်းဟု သတ်မှတ်ကြိုဆိုပါကြောင်းနှင့် ဖော်ပြပါကိစ္စများကို ၎င်း မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းတွင်သာမက ကျန် မြန်မာ့မီးရထားလမ်းပိုင်းများတွင်ပါ ပပျောက်စေရေး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လူငယ်ဖွံ့ဖြိုးရေးဂေဟာရှိကလေးများ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှုမရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်နှင့် မြို့နယ်ခြားမှလာ၍ အိမ်ငှားနေသော ဝန်ထမ်းများကို ဧည့်စာရင်းမတိုင်စေဘဲ ပုံစံ(၁၀)ပါရှိသူများကိုအိမ်ထောင်စုစာရင်းလုပ်ခွင့်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က လူငယ်ဖွံ့ဖြိုးရေး ဂေဟာရှိကလေးများ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်နှင့် မြို့နယ်ခြားမှလာ၍ အိမ်ငှားနေသော ဝန်ထမ်းများကို ဧည့်စာရင်းမတိုင်စေဘဲ ပုံစံ(၁၀)ပါရှိသူများကို အိမ်ထောင်စုစာရင်း လုပ်ခွင့်ပေးရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရိုသေလေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ဒေသအသီးသီးရှိ လူငယ်ဖွံ့ဖြိုးရေးဂေဟာ၊ မိဘမဲ့ဂေဟာများမှာ မွေးနေ့မသိ၊ မိဘနာမည်နဲ့ လိပ်စာ အတိအကျမသိတော့တဲ့ ကလေးများ ရောက်လာတတ်ကြောင်း သိရပါတယ်။ အဆိုပါကလေးများ၏ မိဘများမှာ မူလကပင် အခြေအနေမဲ့သူများ ဖြစ်တဲ့အတွက် အိမ်ထောင်စုစာရင်း မရှိ၊ ပုံစံ(၁၀)လည်း မပါနိုင်သော ကလေးများ မိဘမဲ့ဂေဟာမှာ ရောက်လာကြသည်ကို တွေ့ရပါတယ်။ ထိုကလေးငယ်များအား နိုင်ငံသားအခွင့်အရေး မဆုံးရှုံးရလေအောင် လူငယ်ဖွံ့ဖြိုးရေးဂေဟာ အုပ်ထိန်းသူများက လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းဆောင်ရွက်ပေးသင့်ပါသည်။ မိဘမဲ့ဂေဟာရှိ ကလေးများသည် အများအားဖြင့် အိမ်ထောင်စုစာရင်းမရှိ၊ ပုံစံ(၁၀)လည်း မရှိသည့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်၍ မရပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိပါသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရန် အခက်အခဲရှိပါသည်။ ဖြေဆိုစာမေးပွဲ အောင်ပါကလည်း တက္ကသိုလ်တက်ရန်၊ အလုပ်ရရှိရန်အတွက်လည်း အခက်အခဲ ရှိပါသည်။ ယာဉ်မောင်းသင်တန်းကိုပင်လျှင် တက်ရန်အခက်အခဲရှိပါတယ်။ ဒါပြောချင်တာကတော့ ထိုကလေးများ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် အခက်အခဲရှိပါသည်ဆိုတာကို ကျွန်တော် ပြောခြင်းဖြစ်ပါတယ်။ ဒါဟာ ကျွန်တော် ကိုယ်တွေ့မျက်မြင်အခြေအနေကို တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်းဦးစီးဌာနမှ တရားဝင်အသိအမှတ်ပြုထားတဲ့ ဂေဟာများမှာပင်လျှင် အဆိုပါ ကလေးများစွာ တွေ့ရှိနိုင်ပါသည်။ အချို့ကလေးများသည် မိဘနာမည်မသိ၊ မျိုးရိုးစဉ်ဆက်ဇယားဖော်ပြရန် မသိခြင်းတို့ကြောင့် နိုင်ငံသားဖြစ်ခြင်း မူလအခွင့်အရေး မဆုံးရှုံးရအောင် ထိုကလေးများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဩဂုတ်လ ၂ ရက်နေ့ထုတ် ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာထဲမှာ ပြည်ထောင်စုဝန်ကြီးက ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးနဲ့ပတ်သက်ပြီး ရှင်းလင်းချက်များကို သတင်းစာထဲမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ နိုင်ငံသားတစ်ယောက် မကျန် မနစ်နာစေရန် စာရင်းကောက်တဲ့အခါမှာ ဆည်၊ သင်္ဘောပေါ်ရှိသူများ၊ သစ်တောကြိုးဝိုင်းတွင် ရှိသူများ၊ ဆေးရုံ၊ အကျဉ်းထောင်ရှိသူများ၊ ဘိုးဘွားရိပ်သာ၊ အိမ်ခြေယာမဲ့ တောင်းရမ်းစားသောက်သူများ၊ လယ်လုပ်နေသူများစသည်ဖြင့် ဖော်ပြထားသော်လည်း မိဘမဲ့ဂေဟာရှိသူများဆိုတာ ဖော်ပြထားခြင်း မရှိတာကို ကျွန်တော် တွေ့ရပါတယ်။ ကျွန်တော်စဉ်းစားတယ်၊ ဂေဟာရှိ ကလေးများ၏ မိဘများသည်လည်း တိုင်းရင်းသားနိုင်ငံသားများ ဖြစ်ကြမယ်။ အဲဒါကြောင့် ကလေးများဟာလည်းပဲ နိုင်ငံသားအရည်အချင်းမှာဆိုလျှင် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ အရည်အချင်း တူနိုင်ပါတယ်။ ဝန်ကြီးက မိဘမဲ့ဂေဟာရှိ ကလေးများစာရင်းကောက်ရန် မပြောတာ အကြောင်း တစ်ခုခုတော့ ရှိနိုင်ပါတယ်လို့ ကျွန်တော်ထင်ပါတယ်။

သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့တော့ မိဘမဲ့ဂေဟာရှိ ကလေးများလည်း နိုင်ငံသား ဖြစ်ပါသဖြင့် သန်းခေါင်စာရင်းကောက်ယူတဲ့အခါ စာရင်းကောက်ယူရန် မမေ့သင့်ပါ၊ မချန်ထား သင့်ပါလို့ ကျွန်တော်ပြောချင်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးချင်တာကတော့ မိဘမဲ့ ဂေဟာရှိ ကလေးများအတွက် မြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ခြင်း မူလအခွင့်အရေးများကို ရရှိနိုင်ရန် အခြေအနေမဲ့ မိဘမဲ့ကလေးများကို ကလေးသူငယ်အခွင့်အရေးကိစ္စများနဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြား ရရှိရေးကိစ္စတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့ ညွှန်ကြားချက်များ ပြဋ္ဌာန်း ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ (၂)က မိဘမဲ့ဂေဟာရှိ ကလေးများ နေ့စဉ်၊ အပတ်စဉ် ဧည့်စာရင်းတိုင်ခြင်း မရှိစေရန် မိဘမဲ့ဂေဟာတာဝန်ခံ တည်ထောင်သူများကို မိဘ အုပ်ထိန်းသူ အမည်ဖြင့် အိမ်ထောင်စုစာရင်းလုပ်ပေးနိုင်ရန် နည်းလမ်းရှာပေးရန် ဖြစ်နိုင်၊ မဖြစ်နိုင် သိလို ပါတယ်။ (၃)ကတော့ မိဘမဲ့ကလေးများကိစ္စမဟုတ်သော်လည်း ကျွန်တော် တင်ပြချင်တာကတော့ မြို့နယ်ခြားမှ ပြောင်းရွှေ့၍ အိမ်ငှားနေထိုင်သူ အစိုးရဝန်ထမ်းများကို ဧည့်စာရင်း တိုင်ကြားခြင်း မလုပ်စေဘဲ ပုံစံ(၁၀)ပါရှိသူများကို အိမ်ထောင်စုစာရင်း လုပ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိလို ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၇။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ၏ မေးခွန်း(၃)ခုနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း က ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြု ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်၏ ပထမမေးခွန်းဖြစ်သည့် မြန်မာနိုင်ငံတော်၏ နိုင်ငံသား ဖြစ်ခြင်း မူလအခွင့်အရေးများကို ရရှိနိုင်ရန် အခြေအနေမဲ့ မိဘမဲ့ကလေးသူငယ် အခွင့်အရေးကိစ္စ များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးကိစ္စတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားရလျှင် မိဘမဲ့ဂေဟာ/ကျောင်းများတွင် နေထိုင်သော ကလေးများအတွက် အိမ်ထောင်စုလူဦးရေစာရင်းအား ညွှန်ကြားချက်နှင့်အညီ ဂေဟာ လိပ်စာဖြင့် မိဘမဲ့ကလေးများအား စုပေါင်းထုတ်ပေးထားရန်နှင့် အသက်အရွယ်အရ သတ်မှတ်ထား သော ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မိဘအချက်အလက်များ မသိရှိနိုင်သော်လည်း

ဥပဒေအရ တိုင်းရင်းသားတိုင်းနှင့် တိုင်းရင်းသားမိဘ(၂)ပါးမှ မွေးဖွားသူ မှန်ကန်ပါက မွေးရာပါ နိုင်ငံသားအဖြစ်ထားရှိရန် ဖြေလျှော့နည်းအရ ဖွဲ့စည်းပေးထားသည့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်(၅)ဦး ပါဝင်သော မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဖြင့် အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်ဆောင်ရွက်ကြရန် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ဦးစီးဌာန၏ (၂၃-၉-၂၀၁၁) ရက်စွဲပါ စာအမှတ်၊ ၁၀၂/မ-၆(နငသ-၄)၂၀၅၉/အမတဖြင့် ညွှန်ကြား ထားရှိခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိလည်း နေရာအနှံ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဖခင်အမည်အား မသိရှိပါက သက်ဆိုင်ရာကျောင်းအုပ် သို့မဟုတ် ကျောင်းအုပ်သည် အမျိုးသမီးဖြစ်ပါက အမျိုးသားကျောင်းဆရာတစ်ဦးဦးအား မွေးစားဖခင်အဖြစ် နိုင် - ၂ ရှိ ဖခင် အမည်တွင် ဖြည့်သွင်းပြီး အမည်နောက်မှ(မွေးစားဖခင်)ဟု ဖော်ပြရန် ဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေး ကတ်ပြားတွင်မူ ဖခင်အမည်သာဖော်ပြပြီး(မွေးစားဖခင်)ဟု ဖြည့်သွင်းခြင်းမပြုရန် ဖြစ်ပါတယ်။ မိခင် အမည် မသိပါက နိုင် - ၂ တွင် မသိဟုသာ ဖော်ပြရန်ဖြစ်ပြီး ဘိုးဘွားများအားလည်း မသိဟုသာ ဖော်ပြသွားရန် ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်၏ ဒုတိယမေးမြန်းချက်ဖြစ်သည့် မိဘမဲ့ဂေဟာရှိ ကလေးများ နေ့စဥ်၊ အပတ်စဥ်၊ ညှိစာရင်းတိုင်ကြားခြင်း မရှိစေရန် မိဘမဲ့ဂေဟာ အဖွဲ့တာဝန်ခံပုဂ္ဂိုလ်က မိဘအုပ်ထိန်းသူအမည်ဖြင့် အိမ်ထောင်စုစာရင်း လုပ်ပေးနိုင်ရန်၊ နည်းလမ်းရှာပေးရန်ကိစ္စနှင့် ပတ်သက်၍ မိဘမဲ့ဂေဟာ/ကျောင်းများတွင် နေထိုင်သော ကလေးများအတွက် အိမ်ထောင်စု လူဦးရေစာရင်းကို ဖခင်အမည်အား မသိရှိပါက သက်ဆိုင်ရာကျောင်းအုပ် သို့မဟုတ် ကျောင်းအုပ် သည် အမျိုးသမီးဖြစ်ပါက အမျိုးသားကျောင်းဆရာတစ်ဦးဦးအား ဖခင်အမည်ဖြင့် ဖော်ပြကာ ဂေဟာလိပ်စာဖြင့်ပင် မိဘမဲ့ကလေးများအား စုပေါင်းထုတ်ပေးရန်ကိုလည်း အထက်ဖော်ပြပါ ညွှန်ကြားချက်တွင် ညွှန်ကြားထားရှိပြီး လက်ရှိတွင်လည်း ဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်၏ တတိယမေးမြန်းချက်ဖြစ်သည့် မြို့နယ်ခြားမှလာ၍ အိမ်ငှားနေသော ဝန်ထမ်းများကို ညှိစာရင်းတိုင်ကြားခြင်း မလုပ်စေဘဲ ပုံစံ(၁၀)ပါရှိသူများကို အိမ်ထောင်စုလူဦးရေစာရင်း လုပ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန၏ ၁၉-၁-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁၀၂/မ-၆(နငသ-၄)၁၀၃/ အမတဖြင့် နိုင်ငံ့တာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအသီးသီး၏ ပြောင်းရွှေ့ပုံစံ(၁၀) လျှောက်ထားခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားခြင်းအတွက် အောက်ပါအတိုင်း လျင်မြန်စွာ ဆောင်ရွက် ပေးရန် ညွှန်ကြားခဲ့ပါတယ်။

ဝန်ထမ်းများ ပြောင်းရွှေ့ပုံစံ(၁၀)လျှောက်ထားခြင်းအား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ် ဖြင့်ဖြစ်စေ လျှောက်ထားလာပါက အိမ်ထောင်စုလူဦးရေစာရင်းတွင် ပုံစံ ၆၆/၆ တွင် ပါဝင်သူဝန်ထမ်း ဖြစ်ပါက အခြားအထောက်အထားများ ကင်းလွတ်ခွင့်ပြုလျက် ပြောင်းရွှေ့ပုံစံ(၁၀)အား နေ့မကူးဘဲ အမြန်ဆုံးထုတ်ပေးရန်။ ပြောင်းဝင်အိမ်ထောင်စုလူဦးရေပုံစံစာရင်း ပုံစံ ၆၆/၆ လျှောက်ထားခြင်းအား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လျှောက်ထားလာပါက ပြောင်းထွက် ပုံစံ(၁၀)ပါရှိပြီး

ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများဖြစ်ကြောင်း မှန်ကန်ပါက အခြားအထောက်အထားများ ကင်းလွတ်ခွင့် ပြုလျက် နေချင်းပြီး အမြန်ဆုံးထုတ်ပေးရန်။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်များပါ လူငယ်ဖွံ့ဖြိုးရေးဂေဟာရှိ ကလေးများ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး၊ အိမ်ထောင်စုလူဦးရေ စာရင်းရရှိရေးနှင့် နိုင်ငံဝန်ထမ်းများ ပြောင်းရွှေ့ပုံစံ(၁၀)နှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ ၆၆/၆ ထုတ်ပေးရေးကိစ္စများကို လွယ်ကူအဆင်ပြေစေရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မိဘမဲ့ကလေးများ စာရင်းကောက်ရန် ရှိ/မရှိ သန်းခေါင်စာရင်းတွင် ရှိ/မရှိ မေးမြန်းထားတာ ရှိပါတယ်။ ၄င်းကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှိတဲ့လူတွေကို မထပ်မကျန်ရအောင်အတွက် ဂေဟာတွေမှာရှိတဲ့ ပုဂ္ဂိုလ်များကိုလည်း အားလုံးကောက်ဖို့ရှိကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို လေးစားအပ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ဒီနေရာမှာ မိဘမဲ့ကလေးများကို ကျောင်းဆရာတစ်ဦးက မွေးစားတဲ့ ဖခင်အမည်ခံတယ်ဆိုတဲ့ အခါကျတော့ မွေးစားခြင်းကလည်း ဥပဒေတစ်ရပ်နဲ့ သွားပြီးတော့ ငြိစွန်းနေတဲ့ ကိစ္စတွေ။ နောင် အမွေစား၊ အမွေခံ ကိစ္စတွေ၊ ဒီလို အရှုပ်သဖြင့်ရှိတဲ့ အနေအထား ရှိပါတယ်။ ဒါကိုတော့ နည်းနည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့ လိုမယ်ထင်တယ်။ အဲဒီတော့ ဖခင်အမည်၊ မိခင်အမည် သိမှ နိုင်ငံသားဖြစ်မှာလား။ နိုင်ငံတွင်းမှာ မွေးဖွားတာကို ကော်မတီတစ်ရပ်ရပ်ကနေ အာမခံလို့ရှိရင် နိုင်ငံသားဖြစ်မှာလား။ ဒီနေရာမှာ လုပ်ထုံးလုပ်နည်းလေး လွဲသွားလို့ရှိရင် နောင်မှာ ပြဿနာတွေ အရှုပ်သဖြင့် ဖြစ်လာမယ့် အနေအထား ရှိပါတယ်။ နောက်တစ်ခုက လူမျိုး၊ တိုင်းရင်းသား မျိုးနွယ်စုထဲက ဖခင်က ခုနကလို အမည်ခံထားတာ ဘယ်သူ။ လူမျိုးနဲ့ ခွဲတဲ့ အခါမှာ ဒီဘယ်လူမျိုးမှ ခွဲမှာလဲ၊ သူ့ရဲ့ ဘာသာစကား၊ ဘယ် ဘာသာစကား တတ်တာလဲ ဆိုတဲ့ အသေးစိတ်စဉ်းစားရမယ့်ကိစ္စတွေ အများကြီးရှိတယ်လို့ ထင်ပါတယ်။ အဲဒီတော့ ဒါကို ဝန်ကြီးဌာနနဲ့ ဒီက လွှတ်တော်က ခုန ဖွဲ့ထားတဲ့ လွှတ်တော်ရေးရာ အုပ်ချုပ်မှုကော်မတီနဲ့ အသေးစိတ် ပြန်ဆွေးနွေးပါ။ အသေးစိတ် ဆွေးနွေးပြီးတော့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စတစ်ခုကို ဝန်ကြီးဌာနရော ဟုတ်လား၊ ဒီဘက်က တိုင်းရင်းသားတွေ အပါအဝင် သဘောတူညီတဲ့ ကိစ္စတစ်ခုကို အဆိုတစ်ရပ်အနေနဲ့ တင်သွင်းဖို့ လိုပါလိမ့်မယ်။ အဲဒီအတိုင်း ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မျက်စိလျှဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မျက်စိလျှဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်

မရှိတဲ့အတွက် မျက်စိလျှဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

မျက်စိလျှဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မျက်စိလျှဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် အတည် ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပမယ့် နေ့ရက်နဲ့အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို (၁၁း၀၅) နာရီအချိန်တွင် ရပ်နားပါသည်။]